ကလေး လူငယ်များအဖို့ နယ်၌

# ဗုဒ္ဓဝင်ရုပ်စုံ

တမျှာမှုး



ပန်းချီ တင်ထွန်းကျော်

ဘာသာရေးစာမူ ကြိုတင် ခွင့်ပြုချက်အမှတ် ( ၃၁၀ )
မျက်နှာဖုံးကြိုတင် ခွင့်ပြုချက်အမှတ် ( ၀၀၄၁ )
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

နုယဉ်
( စာရေးသူ၏မူပိုင် )

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၄၈/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
(ဖုံး-၇၆၈၈၅)

၁၄၃၆၈

[ အရှင်ဓမ္မရက္ခိတ–တည်းဖြတ်သည်။ ]

ကလေးလူငယ်များအဖို့

# ဗုဒ္ဓဝင်ရုပ်ပုံ

ကဗျာများ

နုယဉ်-ပြုစုသည်

တဆယ့်နှစ်ကျပ်

၁၉၈၀ - ဖေဖော်ဝါရီလ
ပထမအကြိမ်၊ အုပ်ရေ (၅၀၀၀)

---

မျက်နှာဖုံးပန်းချီ
တင်ထွန်းကျော်

---

အတွင်းသရုပ်ဖော်ပန်းချီ
မောင်ကျော်မြင့်

---

ဘလောက်
ဇမ္ဗူအေး

---

မျက်နှာဖုံးပုံနှိပ်
ခေတ္တရာပုံနှိပ်တိုက်

---

ပုံနှိပ်သူ
ဦးမြသောင်း (၀၁၇၈၄) ခေတ္တရာပုံနှိပ်တိုက်
အမှတ် ၁၂၂၊ ၃၁-လမ်း၊
ရန်ကုန်မြို့။

---

ထုတ်ဝေသူ
ဒေါ်နုယဉ် (၀၁၄၄၀) နုယဉ်စာပေ၊
အမှတ် (၁၁)၊ လန်ကတ်စတာလမ်း၊
ရန်ကုန်မြို့။

# မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| ၁။ အဖိုးနှင့်မြေးတို့ ဘုရားဝတ်ပြုကြခြင်း | .... | ၂ |
| ၂။ သူဌေးသားသုမေဓာ ရသေ့ရဟန်းပြုခြင်း | .... | ၄ |
| ၃။ သုမေဓာရှင်ရသေ့ ဘုရားဖြစ်ရန် စိတ်အကြံဖြင့် မိဋ္ဌာန်ပြုခြင်း | .... | ၆ |
| ၄။ တုသိတာနတ်ပြည်၌ အလောင်းတော်နတ်သား ဖြစ်လာခြင်း | .... | ၈ |
| ၅။ အလောင်းတော်နတ်သားကို နတ်ဗြဟ္မာတို့ တောင်းပန်ကြခြင်း | .... | ၁၀ |
| ၆။ ဘုရားအလောင်း မင်းသားဖြစ်ရန် လူ့ပြည်၌ ပဋိသန္ဓေယူတော်မူခြင်း | .... | ၁၂ |
| ၇။ အလောင်းတော်မင်းသားကို ဖွားမြင်တော်မူခြင်း | .... | ၁၄ |
| ၈။ အလောင်းတော်မင်းသားအား လက္ခဏာတော်ဖတ်ရှုခြင်း | .... | ၁၆ |
| ၉။ အလောင်းတော်မင်းသားငယ်အား အမည်ပေးမင်္ဂလာ ကျင်းပခြင်း | .... | ၁၈ |
| ၁၀။ အလောင်းတော်မင်းသား လေးတော်တင်ပွဲကျင်းပခြင်း | .... | ၂၀ |
| ၁၁။ အလောင်းတော်မင်းသား လက်ထပ်မင်္ဂလာပြု၍ ရွှေနန်းသုံးဆောင်စိုးစံတော်မူခြင်း | .... | ၂၂ |
| ၁၂။ အလောင်းတော်မင်းသား နိမိတ်ကြီးလေးပါးတွင် သူအိုနိမိတ် ရှုမြင်တော်မူခြင်း | .... | ၂၄ |
| ၁၃။ အလောင်းတော်မင်းသား နှစ်ကြိမ်မြောက် သူနာနိမိတ် မြင်တော်မူခြင်း | .... | ၂၆ |
| ၁၄။ အလောင်းတော်မင်းသား သုံးကြိမ်မြောက် သူသေနိမိတ် မြင်တော်မူခြင်း | .... | ၂၈ |
| ၁၅။ အလောင်းတော်မင်းသား လေးကြိမ်မြောက် ရဟန်းတော်နိမိတ် ရှုမြင်တော်မူခြင်း | .... | ၃၀ |
| ၁၆။ သားတော် ရာဟုလာကို ဖွားမြင်ခြင်း | .... | ၃၂ |
| ၁၇။ အလောင်းတော်မင်းသား တောထွက်တော်မူခြင်း | .... | ၃၄ |
| ၁၈။ အလောင်းတော်မင်းသား ထွက်တော်မူရာတွင် မာရ်နတ် နှောက်ယှက်တားဆီးခြင်း | .... | ၃၆ |
| ၁၉။ အလောင်းတော်မင်းဖျား မိဋ္ဌာန်ပြုကာ ဆံတော်ပယ်ခြင်း | .... | ၃၈ |
| ၂၀။ ဗိမ္ဗိသာရမင်းကြီးရောက်လာ၍ တိုင်းပြည်အပ်နှင်းခြင်း | .... | ၄၀ |
| ၂၁။ အလောင်းတော်ရှင်မြတ် ဒုက္ကရစရိယ ကျင့်တော်မူခြင်း | .... | ၄၂ |
| ၂၂။ ဘုရားဖြစ်ရန် ကြီးမားသော လုံ့လဝီရိယဖြင့် အားထုတ်ကျင့်ကြံတော်မူခြင်း | .... | ၄၄ |
| ၂၃။ အားထုတ်တော်မူရာသို့ မာရ်နတ်လာ၍ တိုက်ဖျက်ခြင်း | .... | ၄၆ |

| မာတိကာ | စာမျက်နှာ |
| --- | --- |
| ၂၄။ အလောင်းတော်ရှင်မြတ် ဘုရားဖြစ်တော်မူခြင်း .... | ၄၈ |
| ၂၅။ တပုဿနှင့် ဘလ္လိက ဘုရားရှင်အား ဦးစွာဖူးခွင့်ကြုံခြင်း .... | ၅၀ |
| ၂၆။ ရှင်တော်ဗုဒ္ဓ ဓမ္မစကြာ တရားဦးဟောတော်မူခြင်း .... | ၅၂ |
| ၂၇။ ရတနာမြတ်သုံးပါး ပြည့်စုံလာခြင်း .... | ၅၄ |
| ၂၈။ သူဌေးသား 'ယသ' ဗုဒ္ဓထံ ရဟန်းပြုရန် ရောက်လာခြင်း .... | ၅၆ |
| ၂၉။ ဖခင်သူဌေးကြီးသည် ဗုဒ္ဓနှင့် သားရဟန်းကို ဆွမ်းစားပင့်ခြင်း .... | ၅၈ |
| ၃၀။ ဗုဒ္ဓသည် သူဌေးအိမ်၌ လူများအဖို့ ဒါနနှင့်သီလတရား မိန့်ကြားတော်မူခြင်း .... | ၆၀ |
| ၃၁။ ဗုဒ္ဓသည် သံဃာတော်များအား သာသနာပြု စေလွှတ်တော်မူခြင်း .... | ၆၂ |
| ၃၂။ ဖခမည်းတော် ပင့်လွှတ်သဖြင့် ကပိလဝတ်နေပြည်တော်သို့ ဗုဒ္ဓကြွတော်မူခြင်း .... | ၆၄ |
| ၃၃။ ဗုဒ္ဓသည် မာနကြီးသော ဆွေတော်သာကီဝင် မင်းသားတို့အား တန်ခိုးပြာဋိဟာပြ၍ ချွတ်တော်မူခြင်း .... | ၆၆ |
| ၃၄။ ညီတော် နန္ဒမင်းသား ရဟန်းပြုခြင်း .... | ၆၈ |
| ၃၅။ သားတော် ရာဟုလာ ရှင်သာမဏေပြုခြင်း .... | ၇၀ |
| ၃၆။ မိထွေးတော် ဂေါတမီ သက်နှုံးကပ်လှူခြင်း .... | ၇၂ |
| ၃၇။ နှစ်ပြည်ထောင် စစ်ငြိမ်းချမ်းရေးအတွက် ရှင်မြတ်ဗုဒ္ဓ တရားပြတော်မူခြင်း .... | ၇၄ |
| ၃၈။ ဗုဒ္ဓသည် နတ်လူများအတွက် မင်္ဂလာတရားတော် မိန့်ကြားတော်မူခြင်း .... | ၇၆ |
| ၃၉။ ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ မယ်တော်နတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်း .... | ၇၈ |
| ၄၀။ ဗုဒ္ဓသည် နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမတော်မူခြင်း .... | ၈၀ |
| ၄၁။ ဗုဒ္ဓသည် နာဠာဂီရိဆင်ကြီးကို ချွတ်တော်မူခြင်း .... | ၈၂ |
| ၄၂။ ဗုဒ္ဓသည် အာဠဝက နတ်ဘီလူးကို ချွတ်တော်မူခြင်း .... | ၈၄ |
| ၄၃။ ဗုဒ္ဓသည် အင်္ဂုလိမာလ လူဆိုးကို ဆုံးမတော်မူခြင်း .... | ၈၆ |
| ၄၄။ ဗုဒ္ဓအား ပရိနိဗ္ဗာန်စံဝင်တော်မူရန် မာရ်နတ်လျှောက်ကြားခြင်း .... | ၈၈ |
| ၄၅။ ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံခါနီး၌ သုဘဒ်ပရိဗိုဇ်အား တရားပြတော်မူခြင်း .... | ၉၀ |
| ၄၆။ ပရိနိဗ္ဗာန် စံတော်မူခါနီး၌ တပည့်သားသံဃာတော်တို့အား ရှင်တော်ဗုဒ္ဓ မိန့်မှာတော်မူခြင်း .... | ၉၂ |
| ၄၇။ မြတ်ဘုရားဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း .... | ၉၄ |
| ၄၈။ ရှင်တော်ဗုဒ္ဓ၏ ဓာတ်တော်များကို အပြည်ပြည်မင်းတို့ ပူဇော်ကြခြင်း .... | ၉၆ |
| ၄၉။ ရွှေတိဂုံ စေတီတော်ကြီး .... | ၉၈ |
| ၅၀။ ဥဒ္ဒိဿက စေတီတော် .... | ၁၀၀ |

# ရေးဖွဲ့သော ဗုဒ္ဓဝင် ရုပ်စုံ ကဗျာ

ကလေး လူငယ်များအဖို့ ဗုဒ္ဓဝင် ရုပ်စုံ ကဗျာစာအုပ်ထုတ်ရန် စပယ်ဦးစာပေ ဦးတင်စိုးနှင့် ဆွေးနွေးပြီးခဲ့သည်မှာ ၁၉၇၆ ခုနှစ်ကပင်ဖြစ်လေသည်။ ဗုဒ္ဓဝင် ကဗျာ ရေးဖွဲ့ရန်မှာ မိမိ၏ကိုယ်ပိုင်ဉာဏ် စိတ်ကူးသက်သက်ဖြင့် ဉာဏ်စေစားရာ လွှတ်လပ်စွာ ရေးဖွဲ့၍မဖြစ်၊ လောကသုံးခွင်တွင် အတုမရှိသော ရှင်တော်ဗုဒ္ဓ၏ ဖြစ်တော်စဉ် တချို့တစိပ်ကို ရေးဖွဲ့ရမည်ဖြစ်၍ သက်ဆိုင်ရာ ကျမ်းစာအုပ်များကို ဖတ်ရှုလေ့လာရလေသည်။ လေ့လာဖတ်ရှုယင်းမှာလည်း အခက်အခဲနှင့် မကြာခဏ ကြုံတွေ့ခဲ့ရလေသည်။ ထိုအခက်အခဲမှာ စာပေတွင် အထွဋ်အမြတ်ဆုံးဖြစ်သော ဗုဒ္ဓ၏ဖြစ်တော်စဉ် အကြောင်းအရာ ရေးသားမှုတွင် ကလေးလူငယ်များ သိလွယ် သဘောပေါက်လွယ် စေမည့် အရေးအသား အဖွဲ့အနွဲ့ ကဗျာပုံစံတို့ပင် ဖြစ်လေသည်။

ဗုဒ္ဓ၏ဖြစ်တော်စဉ် အခန်းခန်းတို့၌ ရသမျိုးစုံ ပါဝင်လျက်ရှိသည်။ ထို ရသမျိုးစုံ၊ အခန်းကဏ္ဍမျိုးစုံတို့ကို ကလေးလူငယ်များ နားဝင်သဘောပေါက်ရန် ဘယ်လို ရေးဖွဲ့ရလျှင် သင့်တော်မည်လဲဟု ဆုံးဖြတ်ရန် ကြိုတင် စဉ်းစားရခြင်းကပင် အချိန် အတန်ကြာခဲ့လေသည်။

နောက်ဆုံး၌ ဗုဒ္ဓ၏ဖြစ်တော်စဉ်၌ ပါရှိသော အခန်းကဏ္ဍများကို အစဉ်လိုက် ခွဲခြားပြီးလျှင် ကလေး လူငယ်များအတွက် လိုအပ်နေသော ကိုယ်, နှုတ်, နှလုံး, သုံးပါးသော ယဉ်ကျေးမှုအခြေခံဖြစ်သည့် ဗုဒ္ဓ၏ အဆုံးအမများကို ထည့်သွင်းရေးဖွဲ့ရန် ဆုံးဖြတ်ခဲ့လေသည်။

အလောင်းတော် သုမေဓာ ရှင်ရသေ့ဘဝမှ စ၍ ဘုရားဖြစ်တော်မူသည်အထိ အခန်းကဏ္ဍတရပ်၊ ဘုရားဖြစ်တော်မူပြီးနောက် လူ နတ် ဗြဟ္မာ သတ္တဝါများအား တရားပြ ကယ်တင်တော်မူပြီး ပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ အခန်းကဏ္ဍတရပ်၊ ထိုကဏ္ဍနှစ်ရပ်မှ သင့်နိုးရာ အချက်အလက်များ ပါရှိအောင် စကားပြေဇာသားကို ကဗျာအဖြစ် ချုံ့၍ ရေးဖွဲ့ရန် မလွယ်လှပါ။

ကဗျာ၏ သေသပ်လှပမှု သဘောအရ ဖတ်ရှုသူ ကလေးလူငယ်များ ခံစားချက်ဖြင့် အသိရှိမှသာလျှင် ကဗျာ ဖွဲ့ဆိုရကျိုး နပ်မည်ဖြစ်ရာ ကာရန် ပြေပြစ်စွာ

စကားလုံးနည်းနည်းဖြင့် အဓိပ္ပာယ်ထိမိလျက် ဖတ်ရ ရွတ်ရ သီဆိုရ ကောင်းဖို့ရန် ကြိုးစားရပါသည်။

တခါတရံ မိမိ၏ စေတနာဥာဏ်အရ ဖြစ်ပေါ်လာသော အဖွဲ့အနွဲ့များဖြင့် ကဗျာပိုဒ်များကို အသေးစိပ် ချယ်မှုန်းလိုပါသော်လည်း ကဗျာရှည်များဖြစ်သွားပါက ကလေးလူငယ်များ ဖတ်ရ ရွတ်ရ ကျက်ရရန် ရှည်လျားနေမည်စိုးသဖြင့် တိုတိုနှင့်ပင် လိုအပ်သော အချက်အလက်များ ထင်းကနဲ မြင်သာအောင် မိမိ၏ ဉာဏ် စေစား ခြင်းကို ထိန်းချုပ်ကာ ရေးဖွဲ့လိုက်ရခြင်းများလည်း ရှိလေသည်။

ဗုဒ္ဓဝင်ရုပ်စုံ ကဗျာများ ရေးဖွဲ့ရာတွင် ကလေးလူငယ်များ နားလည်သာအောင် အဆင့်လျှော့ကာညှိ၍ ရေးဖွဲ့ရသဖြင့် အားမရနိုင်အောင် ဖြစ်ရသည်လည်း ရှိလေသည်။ မည်သို့ဖွဲ့ဆိုရသည်ဖြစ်စေ ဗုဒ္ဓရှင်တော်မြတ်၏ ဖြစ်တော်စဉ် ရုပ်စုံ ကဗျာများ ရေးဖွဲ့ဖြစ်သည်ကိုပင် နှစ်သက်ကျေနပ်ခြင်း ဖြစ်ရပါသည်။ ရေးဖွဲ့ပြီးသော ကဗျာများကို တပုဒ်ချင်း စေ့စပ်စွာ ဖတ်ရှုလေ့လာပြီး တည်းဖြတ်ပေးတော်မူသော ရဟန်းတော် အရှင်မေ့ရက္ခိတ အားလည်း ကြည်ညိုစွာဖြင့် ကျေးဇူးတင်မဆုံးနိုင် ဖြစ်ရလေသည်။ ငယ်စဉ်ဘဝမှစ၍ ကဗျာများစွာ ရေးဖွဲ့လာခဲ့ရသော်လည်း ဗုဒ္ဓ၏ဖြစ်တော်စဉ်များဖြင့် ဗုဒ္ဓဝင် ရုပ်စုံကဗျာများ ရေးဖွဲ့ရာတွင်မူ အတိုင်းမသိ အတုမရှိသော ရှင်တော်ဗုဒ္ဓ၏ ဂုဏ်တော်မြတ် အရှိန်အဝါကြောင့် ကဗျာ တပိုဒ်စီ တပိုဒ်စီ ဖွဲ့တိုင်းဖွဲ့တိုင်း စိတ်ကူး ကြံဆမရ၊ ဖွဲ့စပ်သီကုံးရန်မရဲ ဖြစ်မိခဲ့လေသည်။

ဤသို့ဖြင့် ယခု ကဗျာပုဒ်ရေ ငါးဆယ် ပြည့်ခဲ့ပြီး၍ ဗုဒ္ဓ၏ တပည့်သား ရဟန်းတော် အရှင်မြတ်တပါးက သုတ်သင်တည်းဖြတ်ပေးလိုက်ပြီးခါမှ မိမိဖွဲ့ဆိုသည့် ဗုဒ္ဓဝင်ကဗျာများ၌ အနှောင့်လွတ် အသွားလွတ်ကာ ဆိုဖွယ်မရှိ အပြစ် စင်ကင်း ချောပြေခြင်း ရှိရပေပြီဟု ရွှင်လန်းချမ်းမြ ပီတိဖြစ်ရပါသည်။

ယနေ့ ကလေးလူငယ်များအတွက် လိုအပ်နေသော ယဉ်ကျေးမှု အဖြာဖြာ အတွက် ကိုးပါးဂုဏ်ရှင် ဗုဒ္ဓ၏ဖြစ်တော်စဉ်နှင့် ယဉ်ကျေးမှု အဆုံးအမများကို ကျမ တတ်စွမ်းသမျှသော ကဗျာပုံစံဖြင့် ရေးဖွဲ့သီကုံးခဲ့သည်ဖြစ်ရာ ပြီးပြည့်စုံသည် မဟုတ်ငြားလည်း ကလေးလူငယ်များအတွက် ကျမ ပြုလုပ်ပေးလိုသောဆန္ဒနှင့် တာဝန်တခု ဖြစ်မြောက်ရပေပြီဟု ဝမ်းသာကြည်နူးရပါတော့သည်။ ။

နုယဉ်

၁၃၄၀-ခုနှစ်၊ ဝါဆိုလပြည့်နေ့

(၁၉-၇-၇၈)

# နုယဉ်

## ပြုစုခဲ့ပြီး စာအုပ်စဉ်


| | | |
|---|---|---|
| ၁။ | ချစ်ကြေးမုံ့ဝတ္ထု | (၁၉၄၇) |
| ၂။ | မေ့သည်းချာ ကလေး ကဗျာများ | (၁၉၅၁) |
| ၃။ | ရွှေစင်သက်ဆားဝတ္ထု | (၁၉၅၁) |
| ၄။ | ကကြီး ခခွေး ရုပ်ပုံစာအုပ် | (၁၉၅၆) |
| ၅။ | နုယဉ်ကဗျာများ (၁) | (၁၉၅၈) |
| ၆။ | နုယဉ်ပုံပြင်များ | (၁၉၅၈) |
| ၇။ | ဂရင်းညီနောင် နတ်သမီးပုံပြင်များ | (၁၉၅၈) |
| ၈။ | နှင်းဝတ်မှုန်ဝေ ဝတ္ထုတိုပေါင်းချုပ် | (၁၉၅၈) |
| ၉။ | လိမ်မာပါပြီ ကွယ်ဝတ္ထု | (၁၉၅၈) |
| ၁၀။ | ကလေးဗုဒ္ဓဝင် | (၁၉၆၂) |
| ၁၁။ | ကုမုဒြာကဗျာများ | (၁၉၆၃) |
| ၁၂။ | ခရေလှိုင်းပြာ ကဗျာများ (၁) | (၁၉၆၅) |

| | | |
|---|---|---|
| ၁၃။ | လူရည်ချွန်ပုံပြင်များ | (၁၉၆၄+၆၅) |
| ၁၄။ | အောင်နိုင်သူပုံပြင်များ | (၁၉၆၆) |
| ၁၅။ | ချစ်စနိုးပုံပြင်များ | (၁၉၆၆) |
| ၁၆။ | ပစ်တိုင်းဆောင်ပုံပြင်များ | (၁၉၆၆) |
| ၁၇။ | ဂျာခအေးပုံပြင်များ | (၁၉၆၆) |
| ၁၈။ | တိုင်းကျော်ပုံပြင်များ | (၁၉၆၆) |
| ၁၉။ | ထင်ရှားသော ကမ္ဘာ့ပုံပြင်များ | (၁၉၆၆) |
| ၂၀။ | ထပ်တရာ ကလေး ကဗျာများ (*) | (၁၉၆၉) |
| ၂၁။ | ထုံဝဘ်သွာကဗျာများ (*) | (၁၉၇၁) |
| ၂၂။ | Nu Yin's Poems အင်္ဂလိပ်-မြန်မာ | (၁၉၇၂) |
| ၂၃။ | နှင်းငုံဝေ ကလေး ကဗျာများ | (၁၉၇၄) |
| ၂၄ | ပြည့်သားမွန် လူ့ဃယ်ပုံ ဝတ္ထုများ | (၁၉၇၅) |
| ၂၅။ | ခယောင်းမြေမှ ရွှေတခက် ကဗျာများ (*) | (၁၉၇၇) |

(*) စာပေဆုရ စာအုပ်များဖြစ်သည်။

ရှေ့သို့တိုး၍၊ တံပိုးဆထက်
သက်နှင့်အမျှ၊ ကာလရှည်စေ
ဤမြေဤလူ၊ ပြည်သူတို့ကျိုး
မြတ်နိုးသမှု၊ ပညာစုဖြင့်
တခုတာဝန်၊ ကျေပွန်ရလေမှ....

နုယဉ်

## အမိုးနှင့်မြေးတို့ ဘုရားဝတ်ပြုကြခြင်း

ဘုရား တရား မြတ်သံဃာ
လက်စုံမိုး၍ ရှိခိုးကာ။
ဆီမီးဝါနှင့် ပန်းစုံမွှေး
နေ့စဉ်ဝတ်ပြု ကြတယ်လေး။

ဘုရားဗုဒ္ဓ မြစ်တော်စဉ်
မြေးလူလေးတို့ သိခစချင်၊
ရွှေမင် ငွေရေး ပန်းစုံဆေး
ဇာတ်တော်ခင်းလို့ လင်းပြီလေး။



မောင်ကျော်မြင့် ၁၉၅၈

## သူဌေးသားသုမေဓာ ရသေ့ရဟန်းပြုခြင်း

ရှေးသရောအခါ....ရှေးအခါ
သူဌေးသားလေး သုမေဓာ။

နဂ္ဂိုဘဝ ငယ်စဉ်က
နှစ်ဖြာမိဖ ကွယ်လွန်ကြ
အုပ်ထိန်းသူနှင့် ကြီးပြင်းရ။

သိပ္ပံပညာ ဆည်းပူးကာ
အရွယ်ရောက်လာ သုမေဓာ။
ကောင်းစွာမြင်သိ ပညာရှိ
သတိ သံဝေ ဖြစ်ရလေ၏။

သူ၏ပိုင်ရာ များဘဏ္ဍာ
ရွှေငွေ ကျောက်သံ ရတနာ။
မတွယ်မတာ လှူစွန့်ကြ
လှူခံမစဲ မြိန့်မြိန့်သာ။

လှူပွဲပြီးလျှင် တောသို့ဝင်
ရသေ့ရဟန်း ပြုလေလျှင်။
အဘိညာဉ် ရျာန်ရ မြင့်မြတ်စွ
'သုမေဓာရှင်ရသေ့' ခေါ်တွင်ရ။ ။



## သုမေဓာရှင်ရသေ့ ဘုရားဖြစ်ရန် စိတ်အကြံဖြင့် ဗိဒ္ဓာန်ပြုခြင်း

တနေ့သောအခါ မြို့ရမ္မာ
'ဒီပင်္ကရာဘုရား' ကြွရောက်လာ။

သုမေဓာ ရှင်ရသေ့
သဒ္ဓါကြည်ညို ပိုမို၍
ကိုယ်ကိုတန်တား ခင်းတယ်လေ့။

ရွှံ့ညွှန်ဖယ်ရှင်း တန်တားခင်း
ဝပ်စင်းရသေ့ အနီးမှာ
သတို့သမီး 'သုမိတ္တာ'။

လက်မှာကြာပန်း ထုံကြူလန်း
သုမေဓာသို့ ငါးလက်ကမ်း။

သုမေဓာနှင့် သုမိတ္တာ
မြတ်ဘုရားသို့ ပန်းလှူရာ။

သုမေဓာက ဗိဒ္ဓာန်ထား
နောင်ခါဘုရား ဖြစ်စေသား။

ဘုရားမြတ်စွာ ဒီပင်္ကရာ
ဗျာဒိတ်ညွှန်းလို့ ခွန်းမိန့်ရာ။

'သုမေဓာသည် မှန်မလွဲ
နောင်ခါဗုဒ္ဓ ဖြစ်မည်ဘဲ။
သုမိတ္တာသည် တူယှဉ်နွဲ့
ကူညီဖြည့်လိမ့် မှန်မလွဲ'။ ။




# တုသိတာနတ်ပြည်၌
# အလောင်းတော်နတ်သားဖြစ်လာခြင်း

နောင်သောအခါ သုမေဓာ
ပါရမီတော်မြတ် ဖြည့်ကျင့်ကာ
ဘဝများစွာ ပြောင်းခဲ့ရာ။

တုသိတာ၌ ဘုံစံစား
'သေတကေတု' မည်နတ်သား။

ထိုရောအခါ လူ့ပြည်မှာ
ဘုရား ပွင့်ဘို့ မျှော်လင့်ကာ။

ဘုရားလောင်းလျာ ပေါ်စေကြောင်း
လူတို့ စုပေါင်း မြတ်ဆုတောင်း။ ။


မောင်ကျော်မြင့် ၁၉၇၈

# အလောင်းတော်နတ်သားကို နတ်ဗြဟ္မာတို့တောင်းပန်ကြခြင်း

ဘုရားပွင့်ရာ  သင့်ကြောင်းခါ
နတ်ဗြဟ္မာ့ဘို့  သိကြရာ။
တုသိတာစံ  လောင်းနတ်အား
နတ်ဗြဟ္မာတို့  တောင်းပန်ကြား။

'သေတကေတု'  မြတ်လောင်းလျာ
ကာလ ဒေသ  မျှော်ရှုရာ
ဘုရားဖြစ်ဖို့  အခွင့်သာ။
'ကောင်းပါပြီ'ဟု  ခွန်းပြန်ကြား
လူ့ပြည်ဆင်းရန်  ကတိထား။ ။


ဖောင်ကျော်မြင့် // ၁၉၇၈

## ဘုရားအလောင်း မင်းသားဖြစ်ရန် လူ့ပြည်၌ ပဋိသန္ဓေယူတော်မူခြင်း

သုဒ္ဓေါဒနမင်း သာကီဝင်
ကပိလဝတ် ပြည်ကြီးရှင်။
တောင်ညာတင်ထား ပျော်စံစား
မဟာ မာယာ မိဖုရား။

ဝါဆိုလပြည့် တညခါ
မာယာမိဖုရား လျောင်းစက်ရာ
မြင်သာအိပ်မက် ထူးခြားစွာ။
ဆင်ပြောင်ရတနာ ဘော်ငွေသား
ဖောက်ကာဝင်နား သူ့နံပါး
လောင်းလျာရောက်ပြီး သန္ဓေသား။ ။


မောင်ချောဖြင့် ၁၉၈၈

# အလောင်းတော်မင်းသားကို ဖွားမြင်တော်မူခြင်း

မိဖုရားကြီး မြတ်မာယာ
ကိုးလလွယ်၍ ဆယ်လကြာ
ဆန္ဒပေါ်ကာ သွားလိုရာ။

ပြည်သာနာမ ဒေဝဒဟ
ခမည်းတော်နှင့် မယ်တော်မှ
ဆွေတော်မျိုးတော် ရပ်ဒေသ
ရွှေသမ်းစင်ကို စီးကာကြွ။

ဒေဝဒဟ ကပိလ
နှင့်ပြည်ထောင်ကြား သာယာစွ
လုမ္ဗိနီဟု မည်နာမ
အင်ကြင်း ဥယျာဉ် ပွင့်စည်စ။ ။

ရွှေအင်ကြင်းပန်း မွှေးနံ့ဖြာ
မိဖုရားမြတ် လှမ်းဆွတ်ရာ
မကြာလေခြား မိဖုရား
သန့်စွာမြင်ဖွား လောင်းလျာသား။ ။

ဖွားတော်မူရာ ဥယျာဉ်သာ
နတ်ဗြဟ္မာများ ချဉ်းရောက်လာ
ရွှေကြာကွန်ရက် ဖြန့်ကာကျက်
မင်းသားငယ်ကို ခံယူလျက်
လူ နတ် ဗြဟ္မာ ဦးတင်ယှက်။ ။

ခြောက်ဆယ့်ရှစ်ခု လကဆုန်
လပြည့်ဝန်းလို ရွှန်းမြပုံ
ရွှေမှုန်လေဖွေ့ သောကြာနေ့
လောင်းလျာ မင်းသား ဖွားမြင်၍
လောက အားလုံး သာချမ်းမြေ့။ ။


ဆောင်ကျော်မြင့် ၁၉၈၈

## အလောင်းတော်မင်းသား၊ အား၊ လက္ခဏာတော်ဖတ်ရှုခြင်း

သုဒ္ဓေါဒန မြတ်မွေးဝ
ဆရာရသေ့ကြီး ဒေဝိလ
မင်းသားငယ်ကို ဖူးတွေ့၊

မြတ်စွာလက္ခဏာ ကြီးငယ်မှာ
ဧကန်ဖြစ်မည် အမှန်သာ၊

ဟောကာရည်ရှုး ဦးတင်ရှူး
ပြသော်လည်း ဦးခိုက်ဖူး၊ ။



## အလောင်းတော် မင်းသားငယ်အား အမည်ပေးမင်္ဂလာကျင်းပခြင်း

မင်းသားဖွားလာ ငါးရက်မှာ
နာမည်မှည့်အံ့ မြတ်လောင်းလျာ။
ရွေးကာတင်ပြ မှည့်ခေါ်ကြ
'သိဒ္ဓတ္ထကုမာရ' မည်တွင်ရ။

အမည်ပေးမင်္ဂလာ ကျင်းပရာ
'သုဒတ္တ' ပုဏ္ဏား ပါရှိလာ။
သားမြတ်လောင်းလျာ မုန်မလွဲ
ဗုဒ္ဓကေန် ဖြစ်မည်ပဲ
ပုဏ္ဏားတော်က ဆိုဝံ့ရဲ။ ။


ဇော်ဝင်းကျော်မြင့် ၁၉၈၅

## အလောင်းတော်မင်းသား လေးတော်တင်ပွဲကျင်းပခြင်း

သိဒ္ဓတ္ထကုမာ မြတ်လောင်းလျာ
တဆယ့်ခြောက်နှစ် ရွယ်ရောက်လာ။

အဋ္ဌာရသ မြတ်သိပ္ပ
မိမိအလိုလို တတ်လေရ
လေးတော်တင်မှု ထူးခြားစွ
မျိုးပေါင်းဆွေတော် အံ့ချီးပ။ ။






၁၄၃၆၇

## အလောင်းတော်မင်းသား နိမိတ်ကြီးလေးပါးတွင် သူအိုနိမိတ်ရှုမြင်တော်မူခြင်း

ရွှေနန်းစံကာ မြတ်လောင်းလျှာ
နှစ်ဆယ့်ရှစ်နှစ် ရွယ်ရောက်လာ။

တနေ့အခါ ကြုံလာရ
ဝေဇယန္တာ ကြိုးစုံ,က
ဥယျာဉ်တော်သို့ ထွက်ကာကြွ။

ဥယျာဉ်တော်နား ရောက်ချိန်မှာ
နတ်အပေါင်းတို့ သိကြကား။

သူအိုပုံပမာ ဆောင်ကာပြ
နိမိတ်တပါး ရှုမြင်ရ။

သူအိုမြင်က မြတ်လောင်းတော်
အိုခြင်းတရား ရှုကာပေါ်။

ဥယျာဉ်တော်သို့ မဝင်တော့
ရွှေနန်းဆောင်သို့ ပြန်ကြွပေ့။ ။



# အလောင်းတော်မင်းသား နှစ်ကြိမ်မြောက် သူနာနိမိတ်မြင်တော်မူခြင်း

နောက်လေးလတာ ကြာသောခါ
ရှင်မြတ်မင်းသား ထွက်ကြရာ။

ဝေဇယန္တာ မြတ်ရထား
ပို့ဆောင်နှင်သွား ဥယျာဉ်နား၊

ဥယျာဉ်တော်နား ရောက်ချိန်မှာ
နတ်အပေါင်းတို့ သိကြကာ၊

သူနာပုံမှာ ဆောင်ကာပြ
နိမိတ်တပါး ရှုမြင်ရ။

သူနာမြင်က မြတ်လောင်းတော်
နာခြင်းတရား ရှုကာပေါ်။

ဥယျာဉ်တော်သို့ မဝင်တော့
ရွှေနန်းဆောင်သို့ ပြန်ကြပေါ့။ ။



# အလောင်းတော်မင်းသား သုံးကြိမ်မြောက် သူသေနိမိတ်မြင်တော်မူခြင်း

နောက်လေးလတာ ကြာသောခါ
ရှင်မြတ်မင်းသား ထွက်ကြရာ။

ဝေဇယန္တာ မြတ်ရထား
ပို့ဆောင်နှင်သွား ဥယျာဉ်နား။

ဥယျာဉ်တော်နား ရောက်ချိန်မှာ
နတ်အပေါင်းတို့ သိကြကာ။

သူသေပုံမှာ ဆောင်ကာပြ
နိမိတ်တပါး ရှုမြင်ရ။

သူသေမြင်က မြတ်လောင်းတော်
သေခြင်းတရား ရှုကာပေါ်။

ဥယျာဉ်တော်သို့ မဝင်တော့
ရွှေနန်းဆောင်သို့ ပြန်ကြပေါ့။ ။



# အလောင်းတော်မင်းသား လေးကြိမ်မြောက် ရဟန်းတော်နိမိတ်ရှုမြင်တော်မူခြင်း

နောက်ဆုံးလေးလ ရောက်သောခါ
ရှင်မြတ်မင်းသား ထွက်ကြွရာ။


ဝေဇယန္တာ မြတ်ရထား
ပို့ဆောင်နှင်သွား ဥယျာဉ်နား။

ဥယျာဉ်တော်နား ရောက်ချိန်မှာ
နတ်အပေါင်းတို့ သိကြကာ။

ရဟန်းတော်ပုံပမာ ဆောင်ကာပြ
နိမိတ်တပါး ရှုမြင်ရ။

ရဟန်းတော်မြင်က မြတ်လောင်းတော်
ကြည်ညိုစိတ်များ ပွားလေသော်။

ရှေနန်းတော်သို့ ပြန်မကြွ
ဥယျာဉ်သာယာ ဝင်ကာပ
ရဟန်းပြုလို ထိုခဏ
လွန်စွာပြင်းပြ မြတ်ဆန္ဒ။ ။


မောင်ချောမြင့် ၁၉၅၈

# သားတော်ရာဟုလာကို ဖွားမြင်ခြင်း

ထိုခိုက်အခါ နန်းတော်မှာ
မိဖုရားမြတ် ယသော်ဓရာ။

သားတော် ရာဟုလာကိုဖွား
ရောက်လာလျှောက်ကြား မြတ်စကား။

သားတော်ဖွားသာ သိသောခါ
မင်းမြတ်မျက်နှာ ညှိုးလျသာ။

ကြင်ယာ ရင်ဖွား နှောင်ဖွဲ့များ
ခွန်းဟာမိန့်ကြား လောင်းမြတ်ဖျား
ရွှေနန်းဘော်သို့ ပြန်ကြွသွား။ ။


မောင်ကျော်မြင့် ၁၉၅၈

## အလောင်းတော်မင်းသား တောထွက်တော်မူခြင်း

နိမိတ်ကြီး လေးပါး ပေါင်းရုံမြင်
အလောင်းတော် မင်းဖျား တောထွက်ချင်။


ထိတ်လန့်လူ့ခွင် သံဝေဂ
ရဟန်းပြုမှ ငြိမ်မည်ပ
လျှင်စွာ ကြံဆ ရုတ်ချည်းထ။

''ဆန္နအမတ် ထပါလေ
ကဏ္ဍကမြင်း 'က'ပါလေ''

ခွန်းမြွေစကား လောင်းမြတ်ကြား
မြင်းတော် အသင့် ရှိစေသား။

သိဒ္ဓတ္ထ မင်းဖျား မြတ်လောင်းလျာ
သားတော် ဖွားစ ရှုပြီးခါ။

မြင်းတော်ပေါ်မှာ ခုန်ကာတက်
မှားကျိုးမျှော်လျက် တောသို့ထွက်
ရွှေနန်းတော်လုံး ပျော်အိပ်စက်။ ၊


မောင်ကျော်မြင့် ၁၉၅၈

## အလောင်းတော်မင်းသား ထွက်တော်မူရာ မာရ်နတ်နှောက်ယှက်တားဆီးခြင်း

ထွက်တော်မူရာ ညလုံးမှာ
နတ်အပေါင်းတို့ စောင့်လိုက်ပါ။

ထိုခိုက်အခါ မာရ်နတ်သား
ရှေ့မှာဟန့်တား ဆီးကာထား။

''အသင်မင်းသား ပြန်ပါလေ
စကြာ မင်းဖျား လုပ်ပါလေ
မကြာချေပေါ့ ပြန်လေတော့
ခုနှစ်ရက်သာ လိုပါတော့''။

''စကြာမင်းဖျား ငါမလို
တရားမင်းသာ ငါဖြစ်လို''

ခွန်းချိမ်နှုတ်ကြား လောင်းမြတ်ဖျား
မာရ်နတ်ရန်ကို တွန်းဖယ်ရှား။ ။


မောင်ကျော်မြင့် ၁၉၇၈

## အလောင်းတော်မင်းများ ဓိဋ္ဌာန်ပြုကာ ဆံတော်ပယ်ခြင်း

အနော်မာမြစ်ကမ်း ငွေသောင်ယံ
ဘုရားဖြစ်ရန် ရည်စိတ်သန်
ဆံတော်ပယ်ဖြတ် မြတ်ဓိဋ္ဌာန်။

ကောင်းကင်ယံမှာ တည်လေပြီး
စေတီတည်ပေါ် ရှင်သိကြား။

နှစ်ဆယ့်ကိုးနှစ် ရွယ်ပျိုမျစ်
ဘုန်းသစ်လျှံဝါ မြတ်လောင်းလျာ
စွန့်ပယ်ခွာ၍ တောထွက်မွေ့
ဝါဆိုလပြည့် ကျွားမင်းနေ့။ ။



# မိမ္ဗိသာရမင်းကြီးရောက်လာ၍ တိုင်းပြည်အပ်နှင်းခြင်း

ဘောဓိပ်သာယာ မြိုင်ခန်းဝါ
ဗုဒ္ဓလောင်းလျာ ရှိနေရာ
မိမ္ဗိသာရမင်း ဖူး လျှောက်လာ။

''သက်ဝါငယ်တုန်း ရှင်မြတ်ဖုန်း
ရွှေနန်း စည်းစိမ် စံသင့်တုန်း
ရွှေပြည်တဝက် စိုးပါအုံး''

''ရွှေပြည်တဝက် နှင်းဆက်ချင်
မိမ္ဗိသာရ ပြည်ကြီးရှင်
ရွှေပြည် ရွှေနန်း ငါရှောင်ကြဉ်။

သုံးခွင်လောက ချမ်းသာရ
တရားမင်းသာ ဖြစ်လိုလှ''
ဗုဒ္ဓလောင်းလျာ ဖြေလေမှ
မိမ္ဗိသာရ ပြန်လှမ်းကြွ။ ။



ဝပယဦး-၆

## အလောင်းတော်ရှင်မြတ် ဒုက္ကရစရိယ ကျင့်တော်မူခြင်း

ဥရုဝေလ တောမြိုင်မှာ
လူနတ်ဗြဟ္မာ များကျိုးငှာ
တရားမင်းမြတ် ဖြစ်ရန်သာ
ခြောက်နှစ်ကျော်မျှ ဖြည့်ကျင့်ရာ။

လောင်းလျာဗုဒ္ဓ ပင်ပန်းစွ
အားအင်ပြတ်မျှ ညှိုးခွေလျှ။ ။



## ဘုရားဖြစ်ရန် ကြီးမားသော လုံ့လဝီရိယဖြင့် အားထုတ် ကျင့်ကြံတော်မူခြင်း

ဒုက္ကရ စရိယာ ကျင့်ပြီးခါ
ဗုဒ္ဓ လောင်းလျာ ထွက်ကြွရာ။

မဟာဗောဓိ ရောက်လေဘိ
ရွှေပလ္လင်မြတ် ပေါ်ထွန်း၏။

ရွှေပလ္လင်မြတ် ပေါ်ထွန်းရာ
မဟာဗောဓိ မြတ်အောင်ချာ။

လောင်းလျာဗုဒ္ဓ ဖြည့်ကျင့်ရ
'ဘုရား မဖြစ်က ငါမထ'
ဓိဋ္ဌာန်ပြုက ကြီးလုံ့လ
နတ်ဗြဟ္မာတို့ ပူဇော်ကြ။ ॥



# အားထုတ်တော်မူရာသို့ မာရ်နတ်လာ၍ တိုက်ဖျက်ခြင်း

ပဥ္စသိခ စောင်းသံသာ
သုယာမနတ်မင်း ယပ်ခလေညှင်း
နဂါးမင်းက ကျူးဂါထာ
ဗြဟ္မာမင်းက ထီးဖြူမိုး
ရှိခိုးဦးတင် သိကြားရှင်
ခရုသင်းဖြင့် ပူဇော်စဉ်........

ထက်ခွင်ထက်မိုး မာရ်နတ်ဆိုး
လက်မျိုးဘထောင် ဖန်ဆင်းလာ
ဂီရိမေခလာ ဆင်မိုက်စီး
နတ်စစ်သည်နှင့် ထပ်ထပ်ဆီး
မြေကြီးတုန်မျှ ဝိုင်းရံကြ
လောင်းဗုဒ္ဓကို တိုက်ဖျက်ကြ။ ။



## အလောင်းတော်ရှင်မြတ် ဘုရားဖြစ်တော်မူခြင်း

ညချမ်းအခါ လောင်းဗုဒ္ဓါ
လေးဖြာ ဝိရိယ ဓိဋ္ဌာန်ကာ
မဆုတ်မနစ် ဖြည့်ကျင့်ရာ။

ရောင်နီဖြာစ မိုးသောက်စ
ဘေးရန်ကွယ်ပ ချမ်းငြိမ်မြ
သဗ္ဗညုတ ရွှေဉာဏ်ရ
ဘုရားဖြစ်ကာ အောင်ပြီပ။

တရာ့သုံးခု နှေကဆုန်
ငွေယုန်လပြည့် ဆင်မင်းနေ့
ဘုရားပွင့်၍ အောင်မြင်၍
လောကအားလုံး သာချမ်းမြေ့။ ။



## တပုဿနှင့် ဘလ္လိက ဘုရားရှင်အား ဦးစွာ ဖူးခွင့်ကြုံခြင်း

ရွှေဉာဏ်တော်ရ ရှင်ဗုဒ္ဓ
သတ္တဋ္ဌာန စံနေစ
တပုဿနှင့် ဘလ္လိက
ကုန်သည်ညီနောင် ရောက်လာကြ။

ဗုဒ္ဓထံတွင် ဦးခိုက်ဝင်
ပျားမုံ့ဆုပ်များ ကပ်လှူလျှင်။

မြတ်ရှင်ဘုရား ဟောမိန့်ကြား
သရဏဂုံနှစ်ပါး ဦးထိပ်ထား။

ဘုရား တရား ရဘနာ
နှစ်ပါး မျှသာ ပွင့်ချိန်မှာ။

ကရုဏာ ဓာတ်အား မြတ်ရှင်ထား
ဆံတော် ရှစ်ပါး ပေးအပ်ငြား
သာသနာတော် ထွန်းစေသား။


မောင်ကျော်မြင့် ၁၉၉၈

# ရှင်တော်ဗုဒ္ဓ ဓမ္မစကြာတရားဦး ဟောတော်မူခြင်း

ဂေါတမ ဗုဒ္ဓါ မြတ်ဗုဒ္ဓါ
ပွင့်တော်မူ၍ နှစ်လကြာ။


ဦးစွာတရား ဟောလိုငြား
ဖြစ်ပွားဆန္ဒ ရှေ့ဉာဏ်ရ
မိဂဒါသို့ မြန်းချီကြ။

မိဂဒါဝုန် မြိုင်သာစွ
'ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ
မဟာနံ၊ အဿဇိ' မည်နာမ
ပဉ္စဝဂ္ဂီ ရှိသေကြ။

ဗုဒ္ဓမြတ်စွာ ကြွရောက်လာ
ဓမ္မစကြာ ဟောမိန့်ရာ။

မှန်စွာ သိပွား မြတ်တရား
မြပွှ့ နတ်ဒွား ရှင်ငါးပါး။


တရားသုံးခု ဝါဆိုခါ
လပြည့်ဝန်းလို့ ရွှန်းရောင်ဖြာ
နေငါယွန်းရွှေ့ စနေနေ့
ဓမ္မစကြာ နာယူမွေ့
ကြည်စင်ချမ်းမြေ့ သာချမ်းမြေ့။ ။



## ရတနာမြတ်သုံးပါး ပြည့်စုံလာခြင်း

ဝါဆိုလဆုတ် ငါးရက်ခါ
ရှင်တော်ဗုဒ္ဓ ရွှေမှောက်မှာ
သံဃာ ငါးပါး ပြည့်စုံလာ။

ရတနာ အပြား မြတ်သုံးပါး
ဘုရား၊ တရား၊ သံဃာအား
ကြည်ယုံကိုးစား ဦးထိပ်ထား။ ။


မောင်ချောဖြင့် ၁၉၈၈


# သူဌေးသား 'ယသ' ဗုဒ္ဓထံ ရဟန်းပြုရန် ရောက်လာခြင်း

အေးရိပ်သာယာ မိဂဒါ
ရှင်တော်ဗုဒ္ဓ ရှိနေရာ
သူဌေးသား 'ယသ' ဖူးရောက်လာ။

နှစ်ဖြာမိဖ၊ မသိကြ
ရဟန်းပြုလို ထိုဆန္ဒ
မြတ်ဗုဒ္ဓကို သူတင်ပြ။

ဗုဒ္ဓ မြတ်စွာ ဟောညွှန်ရာ
လုလင် ယသ တရားနာ။

မှန်စွာ အသိ မြင်လေဘိ
ရှင်မြတ် ရဟန်း ဖြစ်လာ၏။ ။


ယောင်ချောင်မြင့် ၁၉၅၈

## ဖခင်သူဌေးကြီး ဗုဒ္ဓနှင့် သားရဟန်းကို ဆွမ်းစားပင့်ခြင်း

နေဝန်းပေါ်စ လင်းချိန်ခါ
ဖခင်သူဌေးကြီး သားပျောက်ရှာ။

မြေရာကောက်ကြည့် ရှာဖွေမိ
မိဂဒါသို့ ရောက်လေသော်
မြတ်ဗုဒ္ဓကို ဖူးမြင်၏။

ဗုဒ္ဓမြတ်စွာ ရှေ့မှောက်မှာ
သားရဟန်းကို တွေ့လေရာ
သူဌေးဦးခိုက် ကန်တော့ကာ။

သဒ္ဓါပိုသော်၊ ကြည်ညိုသော်
နံနက်ဆွမ်းစား ပင့်ခဲ့၏။ ။



## ဗုဒ္ဓသည် သူဌေးအိမ်၌ လူများအဖို့ ဒါနနှင့် သီလတရား မိန့်ကြားတော်မူခြင်း

ဆွမ်းစားကြွလာ မြတ်ဗုဒ္ဓါ
လူများတွက်ဘာ သိအပ်ရာ။

ဦးစွာမိန့်ကြား မြတ်တရား
ဒါန၊ သီလ ကောင်းမှုများ။


"မိမိပိုင်ရာ ရှိဥစ္စာ
သူ့အကျိုးငှာ ပေးစွန့်ရာ။

ကောင်းစွာဒါန ပြုလေက
မြတ်မွန် အကျိုး ရှိမည်ပ"။

"သူ့အသက်ကို သတ်လေရာ
သူ့ဥစ္စာကို ခိုးလေရာ
မမှန်စကား ဆိုလေရာ
သူ့မယားကို ပြစ်မှားရာ
သေရည်သောက်စား ပြုလေရာ"........

လူမှာ အများ ထိုငါးပါး
ရှောင်ရှားကြဉ်မှ စင်ကြယ်စွ
ချမ်းသာကောင်းကျိုး ရမည်ပ။

လူသားတို့မှာ ရှိအပ်ရာ
ငါးပါးသီလ ပြည့်စုံစွာ
ကိုယ်မှာရှိထား မကွာခြား
ခါးဝတ်အလား မြဲစေသား။ ။


မောင်ကျော်မြင့် ၁၉၇၈

# ဗုဒ္ဓသည် သံဃာတော်များအား သာသနာပြုစေလွှတ်တော်မူခြင်း

အေးရိပ်သာယာ မိဂဒါ
ရှင်စောဗုဒ္ဓ ဘဂဝါ
ပထမဝါ ဆိုပြီး ခါ။


သာသနာတော်ရေး မျှော်ရှုတွေး
သံဃာတော်များ ဆုံစုဝေး
သာသနာပြုရေး စေလွှတ်ရေး။

စုဝေးသံဃာ ခြောက်ကျိပ်မှာ
ရပ်တပါးသို့ ထွက်ကြွကာ။

မြတ်စွာတရား ဟောညွှန်ကြား
အယူလွဲမှား မှန်စေသား။

နာကြားကြပေ လူထွေထွေ
တရားတော်မြတ် သိမှတ်ပေ။

သံဝေသတိ ပေါ်လေဘိ
သာသနာတော်သို့ ဝင်ကြ၏။



## ဖခမည်းတော် ပင့်လွှတ်သဖြင့် ကပိလဝတ် နေပြည်တော်သို့ ဗုဒ္ဓကြွတော်မူခြင်း

ခမည်းတော်မြတ် ကပ္ပိရှင်
သားတော်မြတ်ဘုရား ဖူးမြော်ချင်။

စုံလင်မှာထား ကြွစေသား
ကာဠုဒါယီ ပင့်လွှတ်ကြား။

မြတ်ဘုရား ဗုဒ္ဓ ရွှေဉာဏ်ရှင်
ကပ္ပိနန်းသို့ မြန်းကြွလျှင်။

နွေဝင် သမယ တပေါင်းလ
ပန်းစုံသင်း၍ ညှင်းလေခ
မြူတိမ်ကင်း၍ ခင်းသာစွ။ ။



## ဗုဒ္ဓသည် မာနကြီးသော ဆွေတော် သာကီဝင်မင်းသားတို့အား တန်ခိုးပြာဋိဟာပြ၍ ချွတ်တော်မူခြင်း

နွေနှောင်းကဆုန် တိမ်ငွေ့မှုန်
နိဂြောဓာရုံ ကျောင်းရိပ်မြုံ
မြတ်ဘုရား ဗုဒ္ဓ ကိန်းဝပ်လှုံ။

ကြိုလာလေရ ထိုကာလ
ဂုဏ်မာန်ငင်၍ ဝတ်မချ
မျိုးတော်ဆွေစ သာကီယ
တန်ခိုးတော်ပြ၍ ချွတ်လေရ။

ရှင်မြတ်ဗုဒ္ဓ ကိုယ်တော်မှာ
ကောင်းကင်နန်းသို့ မြန်းကြွကာ။

မြောက်ဖြာ ရောင်လက် တခဲနက်
မီး ရေ လျှံလက် စုံညီထွက်
ကိုယ်တော်လုံးမှ ဖြိုးဖြိုးဖြက်။

ထက်မိုးပြင်မှာ ရောင်တော်ဖြာ
တန်ခိုးတော်မြတ် ပြာဋိဟာ
အံ့ဖွယ်မဆုံး မြင်တွေ့ရာ။

သဒ္ဓါကြည်ဖြိုး လက်ယှက်မိုး
မာန်ဂုဏ်ကျညှိုး ဦးနှိမ်လျှိုး
မင်းသားများတို့ ရှိရှိခိုး။ ။


မောင်ချော်ဖြိုး ၁၉၅၈

# ညီတော် နန္ဒမင်းသား ရဟန်းပြုခြင်း

ကပိလဝတ် ရွှေနန်းမှာ
နန္ဒမင်းသား နန်းညွှန့်လျှာ။

မင်္ဂလာပြုပွဲ ကျင်းပနွှဲ
မဏ္ဍာပ်နန်းထဲ မြိမ့်မြိမ့်သဲ။

နန်းထဲကြွဝင် ဗုဒ္ဓရှင်
ဆွမ်းတော်ခံပြီး ပြန်ကြွလျှင်
သပိတ်တော်ထမ်းပို့ လက်ကမ်းစဉ်။

ညီခင်နန္ဒ လှမ်းယူမ
နောက်တော်ပါးမှ လိုက်ခဲ့ရ။

နောက်ပါးမှပါ မင်းညွှန့်လျှာ
ကျောင်းတော်ရောက်၍ မျှားမကြာ။

မြတ်စွာသက်နန်း ရုံဆင်မြန်း
ပြုပါလေပေါ့ မြတ်ရဟန်း။ ။


မောင်ကျော်မြင့် ၁၉၅၈

## သားတော်ရာဟုလာ ရှင်သာမဏေပြုခြင်း

ရာဟုလာ မယ်တော် ယသော်ဓရာ
သားတော်ငယ်အား သင်ကြားကာ။

ကြွလာ ဖဘုရား ထံတော်ပါး
အမွေတောင်းဖို့ စေလွှတ်ထား။

သားတော် ရာဟုလာ သိမ်မွေ့စွာ
ဖဘုရားထံ ဦးတိုက်ခါ။

ပေးပါလိုကြောင်း လျှောက်ကာတောင်း
ရွှေအိုး အမွေ ရလိုကြောင်း။

လျှောက်တောင်း အမွေ မရလေ
ရွှေကျောင်းတော်သို့ လိုက်ခဲ့ပေ။

ခွန်းချွေ ပြန်ကြား ဖဘုရား
သာသနာ့အမွေ ရစေသား။

ညွှန်ကြား မသွေ လိုက်နာပေ
သားတော်ရာဟု ရှင်ပြုလေ။

သာမဏေဖြစ်စ တင့်တယ်စွ
'ရှင်ရာဟုလာ' ဘွဲ့မည်ရ။ ။


မောင်ချောဖြိုး ၁၉၅၈

# မိထွေးတော်ဂေါတမီ သင်္ကန်းကပ်လှူခြင်း

မိထွေးတော်မြတ် ဂေါတမီ
သားတော် ဘုရားကို လှူဖို့ရည်။

ရွှေချည်မျှင်တန်း ထိန်ထိန်လျှမ်း
စင်တော်ရက်ကန်း လက်ခတ်မှန်း။

ရွှေသင်္ကန်းတော် ရက်ပြီးခါ
သားတော်မြတ် ဘုရား ကပ်လှူရာ။

မြတ်စွာဘုရား ငြင်းပယ်တား
သံဃာတော်အား လှူစေသား
ညွှန်းဆိုမိန့်ကြား ရွှေနှုတ်ဖျား။

''မြတ်ဘုရား ဗုဒ္ဓ သာသနာ
သံဃာများသာ ထမ်းဆောင်ရာ
မြတ်သံဃာအား လှူလေငြား
သာသနာကြီးပွား မြတ်စီးပွား''။ ။




မောင်ချော်မြင့် ၁၉၅၈

## နှစ်ပြည်ထောင်စစ် ငြိမ်းချမ်းရေးအတွက် ရှင်မြတ်ဗုဒ္ဓ တရားပြတော်မူခြင်း

ကောက်ပင် နွမ်းလျ ရေမဝ
ရောဟဏီမြစ် ရေနည်းစ
ကပိလနှင့် ကောလိယ
နှစ်ပြည်သောင်ချင်း စစ်ခင်းကြ။

ရှင်မြတ်ဗုဒ္ဓ ရွှေဉာဏ်ဖြာ
ကြီးဘိ မဟာ ကရုဏာ။

လျင်စွာ မြန်းကြွ ဆိုဆုံးမ
လောဘ ဒေါသ ပြေလျော့ကြ
နှစ်ပြည်ထောင်စစ် ငြိမ်းချမ်းရ။ ။


မောင်ကျော်မြင့် ၁၉၅၈

# ဗုဒ္ဓသည် နတ်လူများအတွက် မင်္ဂလာတရားတော် မိန့်ကြားတော်မူခြင်း

အနာထပိဏ်သူဌေး အပ်လှူရာ
ဇေတဝန်ကျောင်း မြတ်ဝိဟာ
ရှင်တော်ဗုဒ္ဓ စံနိုက်မှာ။

တညအခါ ဖူးငပ်တွား
မထင်မရှား နတ်တပါး။

''နတ်လူမှားတွက် ရှိအပ်ရာ
မင်္ဂလာတရား တွေးကြံကာ
ဆယ့်နှစ်နှစ်ကြာ ကာလလျှား
ဟောတော်မူပါ ရှင်မြတ်ဘုရား''........
ဟိုနတ်သားက ဖူးလျှောက်ကြား။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ
တရားတော်မြတ် ကျင့်အပ်ရာ
ဘုရားမြတ်စွာ ဟောမိန့်ခါ။
ရှင်အာနန္ဒာ နာမှတ်သား
ပြန်လည်မိန့်ကြား မြတ်တရား
နတ်လူမှားတွက် ကျိုးစီးပွား၊ ။


အောင်ကျော်မြင့် ၁၉၈၈

## ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ မယ်တော်နတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်း

ဝါဆိုလပြည့် ညချမ်းခါ
ရှင်တော်ဗုဒ္ဓ စောမြတ်စွာ
ဝတိံနန်းသို့ မြန်းကြွကာ။

ဘုံသာစံစား မိ, နတ်အား
အဘိဓမ္မာ တရား ဟောမိန့်ကြား။

တရားအဘိဓမ္မာ ဟောကြားရာ
မြဟ္မာနတ်များ စုဝေးလာ
မယ်တော်နတ်သား တရားနာ။

ကောင်းစွာမြင်သိ ကြည်လင်ဘိ
သောတာပတ္တိ တည်လေ၏။ ။


မောင်ချော့ဖြင့် ၁၉၅၉

# ဗုဒ္ဓသည် နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်မူခြင်း


ဓိမာန်စံစား ခြီရံများ
နန္ဒောပနန္ဒ နတ်နဂါး။

ဘုရားမြတ်စွာ ချွတ်အံ့ငှာ
ကောင်းကင်လမ်းက မြန်းကြွလာ။

မြင့်မိုရ်တောင်မှာ ခွေကာမိုး
နဂါးမာန်ဆိုး အံတုငြိုး။

တန်ခိုးတော်နှင့် မယှဉ်သာ
ရှင်မြတ်ရှေ့မှာ ခေါင်းဆိုက်လာ။

မြတ်စွာဗုဒ္ဓ တရားပြ
နန္ဒောပနန္ဒ မြင်မှန်ရ
မာန်စွယ်ညှိုး၍ ကျိုးပြီပ။ ။



စာယဉ်း-၁၁

# ဗုဒ္ဓသည် နာလာဂီရိဆင်ကြီးကို ချွတ်တော်မူခြင်း

ရာဇဂြိုဟ်မြို့တွင်း မင်းလမ်းမ
ရှင်မြတ်ဗုဒ္ဓ ဆွမ်းခံကြွ။

နောက်ပါးမှာပါ များသံဃာ
ထိန်ထိန်ဝင်းလို့ ဝင်းဝင်းဝါ။


ထိုတနေ့မှာ ကြုံလာရ
ဆင်မိုက်ကြီးကို ချွတ်ချိန်ကျ။

ဒေဝဒတ်က စေခိုင်းကာ
မြတ်ဘုရားကို သတ်ဖို့ရာ
ဆင်မိုက်ကြီးက ပြေးထွက်လာ၊

နာလာဂီရိ ကြမ်းပါဘိ
မြတ်ဘုရားကို ပြစ်မှား၍။

ကြီးဘိ မဟာ ကရုဏာ
ရှင်မြတ်ဗုဒ္ဓ သည်းခံကာ။

မေတ္တာချမ်းမြ ဟောညွှန်ပြ
ဆင်မိုက်ယဉ်ကာ လိမ်မာရ
မြတ်ဘုရားကို ဦးနှိမ်ချ။ ။



# အာဠာဝက နတ်ဘီလူးကို ချွတ်တော်မူခြင်း

အာဠဝီ ပြည်အနီး ဗိမာန်ကြီး
ထီးထီးညောင်ပင် ပိုင်နက်ရှင်။

မည်တွင် သိကြ အာဠာဝက
နတ်ဘီလူးကြီး ကြောက်ဖွယ်ပ။

ပြည့်ရှင်မင်းက ဗွိဆက်လာ
တနေ့ တယောက်ကျ သတ်စားကာ
လူပေါင်းများစွာ သေကြရှာ။

ထိုတနေ့မှာ ကြုံလာရ
သားတော်ငယ်လေး ပို့လှည့်ကျ။

ရှင်မြတ်ဗုဒ္ဓ ရွှေဉာဏ်မြင်
အာဠာဝကကို ချွတ်ချိန်ပင်။

သူ့ဗိမာန်တွင် ဝင်ကာနား
နတ်ဘီလူးကို မျှော်စောင့်စား။

ဘုရားမြတ်စွာ စောင့်နေရာ
အာဠာဝက တိုက်ခိုက်လာ။

မေတ္တာကြီးမား မြတ်ဘုရား
ဘေးရန်မနား လွှင့်ဖယ်ရှား။

သုံးပါးရတနာ သိမြင်လာ
အာဠာဝက တရားနာ။

မာန် မာနကျ ဦးနှိမ်ချ
ပြည်လုံး အေးမြ ချမ်းသာရ။ ။


မောင်ကျော်မြင့် ၁၉၅၈

## ဗုဒ္ဓသည် အင်္ဂုလိမာလလူဆိုးကို ဆုံးမတော်မူခြင်း

တောရပ်မြိုင်ညို ပုန်းကာခို
အင်္ဂုလိမာလ လူဆိုးဗိုလ်။

ထိုထိုလူများ ခရီးသွား
သတ်ကာယူထား လက်ညှိုးများ။

ဘုရားမြတ်ရှင် ထိုနေ့တွင်
ရွှေဥာဏ်ကွန်ရက် ဖြန့်လေလျှင်။

ရှုမြင်လေရ ချွတ်ချိန်ကျ
မြိုင်ညိုလမ်းသို့ မြန်းချီကြွ။

အင်္ဂုလိမာလ လူဆိုးရှင်
မြတ်ဗုဒ္ဓကို ဝေးကမြင်။

လှုင်လှုင်ပြေးသွား သူပြစ်မှား
ရှင်တော် ဟောမိန့် မြတ်တရား။

တရားတော်နာ လူဆိုးမှာ
လက်ယှက်မိုး၍ ရှိခိုးကာ
မှန်စွာ အသိ မြင်လေဘိ
သာသနာတော်သို့ ဝင်လေ၏။ ။



# ဗုဒ္ဓအား ပရိနိဗ္ဗာန်ဝင်တော်မူရန် မာရ်နတ် လျှောက်ကြားခြင်း

ဗုဒ္ဓမြတ်စွာ သာသနာ
နေရောင် လဝါ ထွန်းလင်းကာ
လူ နတ် ဗြဟ္မာ များချမ်းသာ။

ချမ်းသာစီးပွား မလိုလား
စိတ်ကြံ ဆိုးဝါး မာရ်နတ်သား
မြတ်ဗုဒ္ဓအား တင်လျှောက်ကြား။

"ရှင်ဘုရားဗုဒ္ဓ....ရှင်ဂေါတမ
လောကသုံးတန် ကျင့်မြတ်မှန်
ရှင်ဘုရား မိဗ္ဗာန် စုံပြည့်လျှံ
ချိန်တန်ပြီလေး မြန်မနှေး
ပရိနိဗ္ဗာန် ပြုပါလေး"။

မာရ်နတ်ငြိုငြင် တောင်းပန်လျှင်
ရှင်မြတ်ဗုဒ္ဓ ရွှေဉာဏ်ဆင်
ရှေးဘုရားတို့ ဖြစ်တော်စဉ်။

နိဗ္ဗာန်ဝင်ဖို့ မြင်သည်မို့
မာရ်နတ်သားသို့ ကြားပြီကို့။

"ဟယ်....မာရ်နတ်သား သူယုတ်မာ
ငြိုငြင်ကြောင့်ကျ မရှိရာ
နောက် သုံးလတာ ကြာသောခါ။

မြတ်စွာ ဗုဒ္ဓ ငါဗုဒ္ဓ
ပရိနိဗ္ဗာန် စံမည်ပ"။

ဗုဒ္ဓမြတ်စွာ ရှင်မြတ်စွာ
မာရ်နတ်ယုတ်မာ သိစေငှာ
ရွှေနှုတ် မိန့်ဖြာ ပြန်ကြားရာ။

ပြင်းစွာမြည်ဟီး ဤမြေကြီး
ကြောက်ဖွယ် ငြီးငြီး သိမ့်ခါပြီး
လျောင်တော်လည်း လှုပ်ပြီတည်း။ ။


မောင်ချော်မြင့်
၁၉၅၈

## ဗုဒ္ဓသည် ပရိနိဗ္ဗာန်စခါနီး၌ သုဘဒ္ဒပရိဗိုဇ်အား တရားပြတော်မူခြင်း၊

နောက် သုံးလတာ ရောက်ချိန်မှာ
ပြည်ကုသိနာ ဥယျာဉ်သာ
ရှင်မြတ်ဗုဒ္ဓ မြန်းကြလာ၊
ဝေဒနာ ပြင်းပြ ခံစားရ
ကိုယ်တော်နွမ်းလျ ပင်ပန်းစွ။

ရှင်စုန္ဒနှင့် ရှင်အာနန္ဒာ
ဝဲယာ တွဲမ ပြုစုကာ
သေချာသိရ ပူဆွေးကြ
ပရိနိဗ္ဗာန် နီးပြီပ။

ပထမယံ၊ ညဦးယံ
မလ္လာမင်းတို့ ပူဇော်ခံ။

သန်းခေါင်ယံ၌ ချုပ်ချိန်ဆိုက်
သုဘဒ္ဒပရိဗိုဇ် ဦးတင်ခိုက်။

ရှေတော်မှောက်၌ မေးလျှောက်ကာ
ပရိဗိုဇ်ကြီးက တရားနာ။

မြတ်စွာ ဗုဒ္ဓ ဟောညွှန်ပြ
တရားတော်မှ မြင်မှန်ရ
ရှင်မြတ် ရဟန်းတော် ပြုပြီပ။ ။



( ၉၁ )

## ပရိနိဗ္ဗာန်စံတော်မူခါနီး၌ တပည့်သားသံဃာတော်တို့အား ရှင်တော်ဗုဒ္ဓ မိန့်မှာတော်မူခြင်း

အင်ကြင်း ပင်စုံ ပွင့်သစ်ထုံ
မြတ်ဗုဒ္ဓကို ဦးခိုက်လှုံ။

ငွေယုန်လမင်း ထွန်းပြည့်ဝင်း
ဉယျာဉ်တော်တွင်း နေ့နှယ်လင်း၊

အင်ကြင်း ပွင့်ကြွေ မွှေးပျံ့ဝေ
အရှက်ဦးသို့ ကျူးမည်ပေ။

သလွန်ဘွေသက် လျောင်းနေလျက်
ရှင်တော် ဗုဒ္ဓ မိန့်ဆိုမြွက်။

စုဝေးလျက်သာ များသံဃာ
ခြေတော်ဦး၌ ဖူးခိုက်ခါ။

မြတ်စွာဘုရား မိန့်တော်ကြား
သံဃာတော်များ နာမှတ်သား။

''ငါဘုရား သာသနာ၊ မြတ်သာသနာ
သုတ်၊ ဝိနည်းနှင့် အဘိဓမ္မာ
သုံးဖြာပိဋကတ် တည်ခဲ့ရာ။

နောင်လာဆက်ပွား သင်တို့အား
မြတ်စွာဘုရား ကိုယ်တော်စား
ဆရာတပါး ဦးထိပ်ထား''။ ။


ယောင်းချော်ဖြင့် ၁၉၅၈

# မြတ်ဘုရားဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

ဘဝဆင်းရဲ ဝဋ်ဆင်းရဲ
သံသရာဆင်းရဲ၊ ဩဃဝဲ။

ဆင်းရဲလှစွာ များသတ္တဝါ
တရားတော်နှင့် ငြိခဲ့စေကာ။

ခေမာအမတ၊ ပို့ကယ်မ
သုံးလူ တို့ဖ၊ မြတ်ဗုဒ္ဓ။

တရာ့ လေးဆယ့် ရှစ်ခုကြို
ကဆုန်လပြည့် အင်္ဂါနေ့။

ရှစ်ဆယ်ပြည့်လာ သက်တော်မှာ
ဝါတော်မွန်ကား လေးဆယ့်ငါး။

မြတ်ဘုရား ဗုဒ္ဓ ဘဂဝါ
ပရိနိဗ္ဗာန် စံဝင်ရာ။

ပြင်းစွာမြည်ဟီး ဤမြေကြီး
ကြောက်ဖွယ်ငြီးငြီး သိမ့်ခါပြီး
လျှောင်တော်လည်း လှုပ်သည်တည်း။ ။



# ရှင်တော်ဗုဒ္ဓ၏ ဓာတ်တော်များကို အပြည်ပြည်မင်းတို့ ပူဇော်ကြခြင်း

မြတ်ဘုရား ဗုဒ္ဓ နိဗ္ဗာန်ဝင်
သုံးရွာလောက ဖြေမရှင်။

တန်ရင်လိုက်လှဲ ငိုမစဲ
မီးသဂြိုဟ်ဆဲ ပူဇော်ပွဲ။

ရွှေခဲ ရွှေလှော် အလောင်းပေါ်
နတ်တန်ခိုးဖြင့် ကျွမ်းလေသော်။

ဓာတ်တော်အများ ကြွင်းရစ်သား
ပုလဲ,ရွှေ,အလား၊ ရှုစိပ်ခြား။

ပြည်ပြည်မင်းများ စုဝေးလာ
ဓာတ်တော်များကို တောင်းဆိုရာ။

မင်းမလ္လာတို့ မလိုလား
ဓာတ်တော်အများ ထိန်းကြပ်ထား။

မင်းများ ဆရာ မင်းဆရာ
ဒေါနပုဏ္ဏား ရှေ့ဆောင်ကာ။

မျှစွာဝေငှ ဓာတ်တော်ရ
စေတီတည်ကြ ကိုးကွယ်ကြ
ဗုဒ္ဓကိုယ်စား ပူဇော်ကြ။ ။




# ရွှေတိဂုံ စေတီတော်ကြီး

လေးဆူဓာတ်ပုံ ရွှေတိဂုံ
မွေတော်လေးဆူ ကိန်းဝပ်လို့။

ကကုဿံ၊ ကောဏဂုံ၊ ကဿပ
ရှင်တော် ဂေါတမ၊ မြတ်ဗုဒ္ဓ။

ရွှင်ပျကြည်မြ အာရုံယူ
ဗုဒ္ဓလေးဆူ ပွင့်တော်မူ။

နတ် လူ အများ ကျိုးစီးပွား
စေတီဘုရား ဦးထိပ်ထား။ ။



## ဥဒ္ဒိဿက စေတီတော်

ဗုဒ္ဓရုပ်ပွား ဆင်းတုတော်
ဥဒ္ဒိဿက စေတီခေါ်၊

သက်တော်ထင်ရှား မြတ်ဘုရား
ဗုဒ္ဓကိုယ်စား ကိုးကွယ်ထား။

ဆယ်ဖျား လက်စုံ ကြာဖူးငုံ
ဦးနှိမ်လျှော့လို့ ကန်တော့လုံ့။

ဂုဏ်တော်ကိုးပါး မပြတ်ပွား
ဆိုရွတ်ကျူးလို့ ဦးထိပ်ထား။ ။



စယ်ဦး-၁၃ B

## ကလေးလူငယ်များအဖို့ ဗုဒ္ဓဝင်ရုပ်စုံ ကဗျာများ ပြုစုရာတွင် အထောက်အကူပြုရသည့် စာအုပ်များ

၁။ ဇိနတ္ထပကာသနီကျမ်း (ဟံသာငတိမ္မ+သုမေ္ဓဝတိမ္မ)

၂။ ဗုဒ္ဓဝင် အမေးအဖြေစာအုပ် (ရှင်ဇနကာဘိဝံသ)

၃။ ဗုဒ္ဓသာသနာဝင် ရောင်စုံစာအုပ် (ရှင်ဇနကာဘိဝံသ)

၄။ လောကုတ္တရာ အခြေပြုကျမ်း (ကျောင်းသုံးစာအုပ်ကော်မီတီ ၁၉၅၃ ခုနှစ်)

၅။ ဒက္ခိဏာသာခါ ရုပ်ပွားဆင်းတုတော် မှတ်တမ်းစာအုပ် (ရှင်မေဓာရက္ခိတ)

၆။ ရှင်အာနန္ဒာ၏ တသက်တာမှတ်တမ်းစာအုပ် (ရှင်ဝဏ္ဏသီရိ)

၇။ မြတ်ဘုရား ရွှေတိဂုံ စာအုပ် (မောင်ဆုရှင်)

294.35/3-60
A1MMGB014368


နုယဉ်
ကလေး လူငယ်များအဖို့
ဗုဒ္ဓဝင်ရုပ်စုံ
(ကဗျာများ)